Australian Government

**National Redress Scheme**

# ယဥ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနားသော (CALD) လျှောက်ခွင့်ရှိသည့် လွတ်မြောက်လာသူများအတွက် အရင်းအမြစ်များနှင့် ပံ့ပိုးမှု

| နစ်နာဆုံးရှုံးမှုပြန်ကုစားရေး လမ်းကြောင်း | အရင်းအမြစ်များ |
| --- | --- |
| **အသိရှိမှု**<br>*‘တစ်နိုင်ငံလုံးဆိုင်ရာ ပြန်လည်ပြုပြင်ပေးမှု အစီအစဉ်ဆိုတာဘာလဲ။’*<br>*‘မည်သည့်နေရာတွင် ပိုမိုသိရှိနိုင်မည်နည်း။’*<br><br>**နားလည်မှု**<br>*‘နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ဘာဆိုတာနှင့် ဘယ်သူအတွက်ဆိုတာ သိပါတယ်။’*<br>*‘ကျွန်ုပ် လျှောက်ခွင့်ရှိနိုင်တယ်။’* | • နံရံကပ်ကြော်ငြာ<br>• လက်ကမ်းစာစောင်<br>• ရှင်းလင်းဖြေကြားပေးသည့် ရုပ်သံများ<br>• နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ်သို့မိတ်ဆက်ပေးခြင်း<br>• ဆတ်ကနဲလှန်ကြည့်နိုင်သော စာအုပ် |
| **လျှောက်ရန် ဆုံးဖြတ်ချက်**<br>*‘လျှောက်ခွင့်ရှိမရှိ သိဖို့အပြင် လျှောက်ချင်ရင် ဆုံးဖြတ်ဖို့ ယုံကြည်ရနိုင်သူ တစ်ဦးဦးနဲ့ စကားပြောဆိုလိုပါတယ်။’* | • လက်ကမ်းစာစောင်<br>• ရှင်းလင်းဖြေကြားပေးသည့် ရုပ်သံများ<br>• အကူအညီတောင်းခံရန် အချက်အလက်စာစောင်<br>• နစ်နာဆုံးရှုံးမှုပြန်ကုစားရေး လျှောက်ရန် အချက်အလက်စာစောင်<br>• ဆတ်ကနဲလှန်ကြည့်နိုင်သော စာအုပ် |
| **လျှောက်ထားရန် လုပ်ငန်းစဥ်**<br>*‘လိုအပ်တဲ့ သတင်းအချက်အလက်နဲ့တကွ အကြံဉာဏ်ရထားပါတယ်။ ကျွန်ုပ် လျှောက်ပါမယ်။ အကူအညီလိုအပ်တဲ့အခါ ပံ့ပိုးဝန်ဆောင်လုပ်ငန်းတွေ ရှိတယ်ဆိုတာ သိပါတယ်။’* | • နစ်နာဆုံးရှုံးမှုပြန်ကုစားရေး လျှောက်ရန် အချက်အလက်စာစောင်<br>• ဆတ်ကနဲလှန်ကြည့်နိုင်သော စာအုပ် |
| **လျှောက်လွှာ အခြေအနေအဆင့်**<br>*‘နစ်နာဆုံးရှုံးမှုပြန်ကုစားရေး လျှောက်လွှာအခြေအနေ နောက်ဆုံးသတင်း ရရှိပါတယ်။ အကူအညီလိုအပ်တဲ့အခါ ပံ့ပိုးဝန်ဆောင်လုပ်ငန်းတွေ ရှိတယ်ဆိုတာနဲ့ သူတို့ကို နောက်ဆုံးသတင်းရဖို့ ဖုန်းဆက်နိုင်တယ်ဆိုတာ သိပါတယ်။’* | • ဆတ်ကနဲလှန်ကြည့်နိုင်သော စာအုပ် |
| **လျှောက်လွှာ ရလဒ်**<br>*‘နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ရထိုက်ပြီး ဘယ်လိုမျိုး ရလိမ့်မယ်ဆိုတာ အကြောင်းကြားလာပါတယ်။ အကူအညီလိုအပ်တဲ့အခါ ပံ့ပိုးဝန်ဆောင်လုပ်ငန်းတွေ၊ ငွေကြေးလုပ်ငန်းတွေနဲ့ ဥပဒေဆိုင်ရာလုပ်ငန်းတွေကို ဖုန်းဆက်နိုင်တယ်ဆိုတာ သိပါတယ်။’* | |

## လျှောက်လွှာ တင်သွင်းခြင်း

လျှောက်လွှာများကို **၂၀၂၇ ခု ဇွန်လ ၃၀** ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းရန်လိုအပ်သည်။

သင်လျှောက်ထားနိုင်သည် အကယ်၍ သင်-

- အသက် ၁၈ နှစ်မပြည့်မီ အဖွဲ့အစည်းအတွင်း လိင်ပိုင်းပြုကျင့်ခံရပြီး
- ထိုပြုကျင့်မှုမှာ ၂၀၁၈ ခု ဇူလိုင်လ ၁ ရက်နေ့ မတိုင်မီ ဖြစ်ပွားသည့်အပြင်
- သင် ၂၀၁၀ ခု ဇွန်လ ၃၀ ရက်နေ့ မတိုင်မီ မွေးဖွားကာ
- သင်သည်-ယူနိုက်တစ်ကင်ဒန် သို့မဟုတ် မော်လ်တာနိုင်ငံမှ ၁၉၈၄ ခုနှစ် မတိုင်မီ ဩစတြေးလျသို့ ပို့ခံရပြီး ဩစတြေးလျသို့ မိဘ သို့မဟုတ် အုပ်ထိန်းသူ မပါဘဲ ရောက်ရှိလာကာ၊ နိုင်ငံ၏ ကလေးသူငယ်အဖြစ် ပြုလုပ်ခံရသော ယခင် ကလေး ရွှေ့ပြောင်းလာသူအဖြစ် သင့်အား ကင်းလွတ်ခွင့်ပြုသည် မဟုတ်လျှင် သင်သည် လျှောက်ထားချိန်၌ ဩစတြေးလျနိုင်ငံသား သို့မဟုတ် အမြဲတမ်းနေထိုင်သူ ဖြစ်ရမည်။

## ဆက်သွယ်ရန်-

နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ်ကို ဩစတြေးလျမှ ဖုန်း **၁၈၀၀ ၇၃၇ ၃၇၇** ကို ဖုန်းခေါ်ဆိုခြင်းဖြင့် ဆက်သွယ်နိုင်သည် (ဖုန်းခေါ်ဆိုခ ကျသင့်နိုင်သည်) တနင်္လာမှ သောကြာ နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ။

ဖုန်းခေါ်ဆိုသည့်အခါ စကားပြန် တစ်ဦးအလိုရှိပါက စကားပြန်တစ်ဦးကို ခေါ်ပေးနိုင်သဖြင့် ကျွန်ုပ်တို့အား အသိပေးပါ။

သို့မဟုတ် သင့်ဘာသာစကားဖြင့် အကူအညီ တောင်းခံရန် ဘာသာပြန်နှင့်စကားပြန် ဌာန (TIS) ဖုန်း **၁၃၁ ၄၅၀** ကိုဆက်ပါ။

## အခမဲ့ အကူအညီအထောက်အပံ့ ရရှိနိုင်သည်-

နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ပံ့ပိုးဝန်ဆောင်လုပ်ငန်းများသည် နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် (National Redress Scheme) လျှောက်ထားလိုသူများအတွက် အခမဲ့ ဘက်မလိုက်သော အကူအညီအထောက်အပံ့ပေးပါသည်။ ၎င်းတို့သည် လျှောက်လွှာပုံစံကိုလည်း ကူဖြည့်စွက်ပေးနိုင်ပြီး သင့်ကိုယ်စား နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် (National Redress Scheme) နှင့်လည်း စကားပြောဆိုပေးနိုင်ပါသည်။

နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ဝန်ဆောင်လုပ်ငန်းများနှင့်ပတ်သက်၍ ပိုမိုသိရှိရန်အတွက် ကြည့်ရှုရန်-
**www.nationalredress.gov.au/RSS**

## သင့်ဘာသာစကားဖြင့် ရင်းမြစ်များ-

သင့်ဘာသာစကားဖြင့် ရင်းမြစ်များကို ရယူရန် ဤစာမျက်နှာတွင် ကြည့်ရှုပါ-

**www.nationalredress.gov.au/burmese**

*“နစ်နာဆုံးရှုံးမှုပြန်ကုစားရေး” ဆိုသည်မှာ ယခင်က မတရားမှုကို ပြန်လည်တည့်မတ်ပေးရန်ဖြစ်ပါသည်။ ဤအစီအစဉ်သည် ၂၀၁၈ ခုနှစ်မတိုင်မီ ဩစတြေးလျတွင် အဖွဲ့အစည်းအတွင်း ကလေး လိင်ပိုင်းပြုကျင့်ခံရမှုကို ပြန်လည်တည့်မတ်ပေးခြင်းဖြစ်သည်။*